LAMBETH
CONFERENCE
ဘုရားရှင်ရဲ့ ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ ဘုရားရှိခိုးကျောင်း



နိုးဆော်မှု ကို အတုံ့အဖြန်ပြုပါ

LAMBETH
CONFERENCE
၏ အဆင့် ၃

ဝတ်ပြုခြင်းဦးဆောင်သည့်ဓမ္မဆရာနှိုးဆော်မှုများ-

ထို့ကြောင့် ကိုယ်တော်၏နာမတော်ကို ချီးမြှောက်ကြပါမည်၊ ကောင်းကင်တမန်များ ကောင်းကင်တမန်မင်းများနှင့် ကောင်းကင်ဘုံခြေနှင့်အတူ အသံကိုလွှင့်၍၊ ဤချီးမွမ်းသီချင်းကို သီဆိုသူတိုင်း နာမတော်၏ဂုဏ်ကို ပြောကြားလော့။

ကြွေးကြော်လော့-

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းတော်မူသော ဘုရား၊ ခွန်အားတန်ခိုးနှင့် ပြည့်စုံတော်မူသောဘုရား၊ ပထဝီမြေကြီးသည် ထာဝရဘုရား၏ ကျေးဇူးတော်နှင့် ပြည့်ဝလျက်ရှိ၏။ ကောင်းကင်ဘဝဂ်ဝယ် ဟောရှဏ္ဏာဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့် ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဟောရှဏ္ဏာဖြစ်စေသတည်း။

Eucharistic liturgy ရှိ
'The Sanctus'
မှ ထုတ်နုတ်ထားပါသည်

အဆင့် ၃ ပဲ့ကိုင်အဖွဲ့ထံမှ သတင်းစကား

၂၀၂၃ခုနှစ် Lambeth Conference တွင် အင်္ဂလီကန် အသင်းတော်များမှ သာသနာပိုင်များနှင့် အိမ်ထောင်ဖက်များသည် ကန်တာဗာရီတွင် စည်းဝေးကြသည်။

ကမ္ဘာတစ်လွှားရှိသော ကိုယ်စားလှယ်အသင်းတော်များနှင့် မိတ်သဟာယတို့သည် ကမ္ဘာလောကၦ ဖြစ်ပေါ်လျက်ရှိသော အရေးများကို ဒေသန္တရအဆင့်၊ ကမ္ဘာလုံးအဆင့် ဖြင့် ဆွေးနွေးတိုင်ပင်ကြသည်။

အစည်းအဝေးမှာ ဆယ်ရက်ကြာ မြင့်ပါသည်။ ဆုတောင်းခြင်းနှင့် သမ္မာကျမ်းစာ လေ့လာခြင်းများဖြင့် အချိန်ကုန်ဆုံးကြသည်။ 'Lambeth နိုးဆော်မှု ' ပို့ချချက်များကိုလည်း အသင်းတော်အရေးနှင့် ကမ္ဘာ အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဝေဖန်ကြပါသည်။ အစည်းအဝေး မှာ ကန်တာဗာရီ နန်းတော်၌ အထူးဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ဖြင့် အထွတ်အထိပ်ရောက်ခဲ့ပါသည်။ အနှစ်သာရအရှိ ဆုံး အခိုက်အတန့်မှာလည်း ချီးမွမ်းခြင်း နှင့် သီချင်းသီကျူးခြင်း တို့ ထည့်သွင်းပါဝင်ခြင်းပင် ဖြစ်ပါသည်။

ဂိတပညာရှင်များက ဝတ်ပြုသူအပေါင်းကို ဝတ်ပြုရန်ခေါ် ဖိတ် ပါသည်။ ထို့အတွက် လာရောက်ကြသူအပေါင်းတို့ကလည်း သီချင်းသီကျူးခြင်းနှင့် ချီးမွမ်းဝမ်းမြောက်ခြင်းတို့တွင် ပါဝင် ဆက်ပြုကြပါသည်။ ဂိတသံများ တီးခတ်သံနှင့်အတူ ဝတ်ပြု သူများကလည်း နန်းတော်ကြီး၏ အပြင်မှ လမ်းမထက်သို့ထွက် ကာ၊ တစ်ဦးစီတိုင်းက အသံကိုလွှင့်၍ ကြားရသော ဂိတသံ အတိုင်း အမှုအရာဖြင့် ချီးမွမ်းကြပါသည်။

လူအုပ်ကြီးမှာ အင်္ဂလီကန် အသင်းတော်အဖွဲ့၏ မတူညီမှုများ စုဝေးနေသော သက်ရှိရုပ်ပုံကားချပ်အလားပင် ကမ္ဘာလုံးဆိုင်ရာ အသင်းတော်ကြီးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မတူကွဲပြား သော နိုင်ငံအရပ်ရပ်၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းမှ လာကြ ပါသည်။

ကျွန်ုပ်တို့တွင် မတူညီသော အတွေ့အကြုံများနှင့် အတွေးအခေါ် များရှိကြသော်လည်း "ဘုရားရှင်ရဲ့ ကမ္ဘာကြီးအတွက် ဘုရားရှင် ရဲ့ ဘုရားရှိခိုးကျောင်း"ကို ရှာဖွေကြသည်နှင့်အညီ သခင် ခရစ်တော်၏ ခေါ်သံကိုကြားသောအခါ ထူးရန် စုရုံးရောက်ရှိလာ ကြပါသည်။

Lambeth နိုးဆော်မှု ကို အင်္ဂလီကန် အသင်းတော်များ၏ အသက်တာသို့ ယူတင်ကြရာတွင် ဂိတစိတ်ကူး အသံများကို 'ခေါ်သံ နှင့် တုံ့ပြန်ခြင်း' ၌ အတူတကွပေါင်းစည်းခြင်းသည် ဤ Lambeth Conference ခရီး၏ တတိယမြောက်အဆင့်ဖြစ် ပါသည်။

အဆင့် ၃ တွင် Lambeth နိုးဆော်မှုများကို ကမ္ဘာတစ်လွှားရှိ သော အသင်းတော်များသို့ ဆက်ကပ်၍၊ သူတို့ကို ခေါ် ဖိတ် ကာ တစ်ဦးစီ၏ ခေါ်သံများကို ကြားနာရန်၊ သူတို့၏ သက်သေခံ ချက်များကို ထည့်သွင်းရန်၊ သူတို့ကို ဖော်ပြချက်များ ပေး၍ သူ တို့၏လူနေမှုဘဝအသီးသီးဆီသို့ ယူဆောင်ကြမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဆုတောင်းမှာ ဤခရီးကား ကျွန်ုပ်တို့၏ဘဝနှင့် ခရစ်ယာန်တို့၏ သက်သေခံခြင်းကို အင်္ဂလီကန် အသင်းတော် များကဲ့သို့ ခွန်အားကြီးစေ၍၊ အတူတကွ လျှောက်လှမ်းခြင်း၊ နားထောင်ခြင်းနှင့် သက်သေခံခြင်းတို့ကို နောင်လာမည့် နေ့ရက် များတွင် လုပ်ဆောင်ကြပါမည်။

LAMBETH CONFERENCE ခရီး၏ အဆင့် ၃ က ကြုံဆိုပါသည်

တစ်ဆယ့်ငါးကြိမ်မြောက် Lambeth Conference ၏ ဆောင်ပုဒ်မှာ ' ဘုရားရှင်ရဲ့ ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ ဘုရားရှိခိုးကျောင်း - အတူတကွ လျှောက်လှမ်းခြင်း၊ နားထောင်ခြင်းနှင့် သက်သေခံခြင်း' ဖြစ်သည်။ ရည်ရွယ်ချက်မှာ အင်္ဂလီကန် အသင်းတော်များအတွက် အဘယ်အရာသည် အရေးကြီးသည်ကို ရှာဖွေ၍ ၂၁ ရာစု ကမ္ဘာကြီး၏ လိုအပ်ချက်များကို အဖြေရှာရန်ဖြစ်ပါသည်။ ဤညီလာခံကို အဆင့် ၃ ဆင့်ဖြင့် ကျင်းပပါမည်။

Lambeth Conference ခရီး၏ အဆင့် ၃ သည် ဆွေးနွေးစည်းဝေးခြင်းသာဖြစ်ပြီး Lambeth နိုးဆော်မှုများနှင့် စုဝေးရခြင်း၏ အခြားသော အစပျိုးခြင်းများကို နောင်လာမည့်နှစ်များစွာတွင် အကောင်အထည်ဖော်နိုင်စေရန်ဖြစ်ပါသည်။ Lambeth Conference ကို တက်ရောက်လာကြသော သူများသည်လည်း Lambeth နိုးဆော်မှုများကို ယခုတွင် ဝေငှရန်နှင့် အသီးသီး၏ အသင်းတော် အဖွဲ့အစည်း ရေခံမြေခံနှင့် လိုက်၍ ဆွေးနွေးကြရန် ဖိတ်ခေါ် ကြပါသည်။

အဆင့် ၁

အတူတကွ နားထောင်ကြခြင်း

ပွဲအကြို အွန်လိုင်းပေါ်တွင် တွေ့ဆုံခြင်း (၂၀၂၁-၂၀၂၂)

အဆင့် ၂-

အတူတကွ လျှောက်လှမ်းခြင်း

ကန်တာဗာရီတွင် လူကိုယ်တိုင် တက်ရောက်ရသောပွဲ (၂၀၂၂)

အဆင့် ၃-

အတူတကွ သက်သေခံခြင်း

အစည်းအဝေး၏ ရလဒ်များကို အကောင်အထည်ဖော်ရန် (၂၀၂၃-၂၀၂၆)

အဆင့် ၃ ပဲ့ကိုင်အဖွဲ့

ဤအဆင့် ၃ ခရီးကို ထောက်ပံ့ရန်၊ ကန်တာဗာရီ၏ သာသနာပိုင်ဂိုဏ်းချုပ်ကြီးက သာသနာပိုင် Julio Murray Thompson (IARCA) ဦးဆောင်သော ပဲ့ကိုင်အဖွဲ့ကို တာဝန်အပ်နှင်းခဲ့ပါသည်။

ဤပဲ့ကိုင်အဖွဲ့က ယင်းအဆင့် ၃ အစီအစဉ်ကို ၎င်း၏တိုးတက်မှုအတိုင်း ရေးဆွဲ၍၊ သာသနာပိုင်များအား Lambeth Conference တွင်သူတို့ပါဝင်ရသော သမ္မာကျမ်းစာလေ့လာသော အဖွဲ့၌ တွေ့ဆုံဆွေးနွေးကြပါရန် တိုက်တွန်းနှိုးဆော်ပါသည်။

အဖွဲ့ဝင်များမှာ-

- **The Rt Rev Julio Murray**
  Iglesia Anglicana de la Region Central de America
- **Caroline Bauerschmidt**
  The Episcopal Church
- **The Most Rev Kay Goldsworthy**
  The Anglican Church of Australia
- **The Rt Rev Danald Jute**
  Church of the Province of South East Asia
- **The Rt Rev Dr Vicentia Kgabe**
  The Anglican Church of Southern Africa
- **The Rt Rev Jorge Pina-Cabral**
  The Lusitanian Church
- **The Rt Rev Dr Paul Swarup**
  The Church of North India

ရင်းမြစ်ဆွေးနွေးပေးသူများ-

- **The Rev Canon Dr Justin Holcomb**
  The Episcopal Church
- **The Rev Steve Muneza**
  The Anglican Church of Burundi

အဆင့် ၃ ပဲ့ကိုင်အဖွဲ့၏ အဖွဲ့ဝင်များနှင့် ကူညီပေးသော ဝန်ထမ်းများနှင့် ရင်းမြစ်ဆွေးနွေးပေးသူများ ဖြစ်ကြသည်။

အဆင့် ၃-
ခေါ်သံ နှင့် တုံ့ပြန်ခြင်း

Lambeth Conference ခရီး၏ အဆင့် ၃သည် 'ခေါ်သံ နှင့် တုံ့ပြန်ခြင်း' ဟူသော အတွေးအခေါ်အားဖြင့် ပုံသွင်းကြမည်ဖြစ်သည်-ကျမ်းစာတော်မြတ်တွင် တွေ့ရသော သွင်ပြင်လက္ခဏာများ, ဝတ်ပြုခြင်းနှင့် ဓမ္မသံစုံတို့တွင် မြင်တွေ့ရမည်။

ဓမ္မသဘောအရ နှီးဆော်မှု နှင့် အတုံ့အပြန်ပြုခြင်းကို ဝတ်ပြုစည်းဝေးမှုနှင့် ဆုတောင်းဆက်ကပ်မှုပြုသော ဝတ်ပြု ဆာလံကျမ်းများတွင် တွေ့မြင်နိုင်သည်။ နှီးဆော်မှု သည် ဓမ္မသဘောဆောင်သော ကတိသစ္စာပြုခြင်းနှင့် အစပြု၍ ဝတ်ပြုကိုးကွယ်သူများကို အတုံ့အပြန်ပြုရန် ဖိတ်ခေါ်ပါသည်။ ဥပမာအားဖြင့် ဆာလံ ၁၁၈၊ ၁၃၆ တွင် နှီးဆော်မှု လာသည်မှာ-ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ဂရုဏာတော် အစဉ်အမြဲ တည်သောကြောင့်' အတုံ့အပြန်ဆိုရန်- ၊ 'ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။' ထပ်ခါထပ်ခါ ရွတ်ဆိုကာ ၊ ယုံကြည်ခြင်း ရင့်သန်စေ၍ အသိအမြင်များကို ဝေမျှကြပါသည်။ ဤနှီးဆော်မှု နှင့် တုံ့ပြန်မှုသည် ခရီးတစ်ခု၏ အနှစ်သာရကို ဖက်တွယ်ထားပါသည်၊ ၎င်းသည် တဖြည်းဖြည်းပြောင်းလဲသွားမည်ဟု မျှော်လင့်ထားပါသည်၊ ၎င်းသည် တစ်သမတ်တည်းအသေ ရှိခဲ့ပါသည်။

ဓမ္မတေးသံတွင် တီးခတ်သူများက တေးသံစဉ်တစ်ပိုဒ် သို့မဟုတ် နှီးဆော်မှုတစ်ပိုဒ်ကို တီးခတ်၍ တစ်ခြားသော ဆုတောင်းသံကို ကြားစေ၍ အတုံ့အပြန်ပြုစေပါသည်။ တေးသွားတီးခတ်သည့်အတိုင်း လှုပ်ရှားမှု နှင့်နိုးထခြင်း အနှစ်သာရ ဖြစ်စေပါသည်။

ဤအရာသည် Lambeth နှီးဆော်မှု ကို အသင်းတော်အနှံ့ဆီသို့ အဘယ်သို့ပြန်လည်၍ ဝေငှနိုင်မည်ဟူသော အတွေးအခေါ်ကို ပုံဆောင်ပါသည်- ဒေသအသီးသီးမှ ခေါ်သံကိုကြား၍ ၎င်းတို့၏ ရေခံမြေခံနှင့် အလိုက် အတုံ့အပြန်ပြုကြမည်ဖြစ်သည်။ 'နှီးဆော်မှု နှင့်တုံပြန်မှု'မှ ကျွန်ုပ်တို့သည် အယောက်စီတိုင်း၏ အတွေ့အကြုံများကို ကြားနာခြင်းနှင့် သင်ယူခြင်းအားဖြင့် အင်္ဂလိကန် အသင်းတော်များနှင့်အညီ ဝေငှသောအသက်တာကို တိုးပွါးစေရန်ဖြစ်ပါသည်။

အဆင့် ၃ တွင် ဘယ်အရာများကို ဆွေးနွေးကြမည်နည်း။

Lambeth နှိုးဆော်မှုများ

အဆင့် ၃ တွင် Lambeth နှိုးဆော်မှုများ၏ အဓိကဆောင်ပုဒ်များကို Lambeth Conference တွင် လေ့လာကြမည်။ နှိုးဆော်မှုတိုင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်ကို နက်နဲစွာ သစ္စာစောင့်သိခြင်း၊ အသင်းတော်၏ သာသနာလုပ်ငန်းများကို တိုးတက်စေခြင်းနှင့် အသင်းတော်များနှင့် ကမ္ဘာတစ်လွှားရှိ အဖွဲ့အစည်းများမှ နှိုးဆော်မှုများတွင် တွင်တွင်ကျယ်ကျယ်ပါဝင်လာခြင်းတို့ဖြစ်ပါသည်။

နှိုးဆော်မှုအသီးသီးတွင် ဦးဆောင်မှုပြုမည့်အဖွဲ့ရှိပြီး၊ အင်္ဂလိကန် အသင်းတော်များမှ မတူညီကွဲပြားသော တင်ဆက်မှုများပါဝင်ပါမည်။ တစ်ခုစီတိုင်းတွင် လုပ်ဆောင်ခြင်း သို့ ထင်ဟပ်စေခြင်းအတွက် ကြားပြောခြင်းများ, ကတိသစ္စာပြုခြင်း၊ နှင့် သာမန်နှိုးဆော်မှုတို့လည်း ပါဝင်ပါသည်။ Lambeth နှိုးဆော်မှုများကို အောက်ပါ ခေါင်းစဉ်အတိုင်း ဝေငှကြပါမည်-

- တပည့်တော်ဖြစ်ခြင်း
- သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
- အင်္ဂလိကန် အမှတ်အသား
- ဘေးကင်းလုံခြုံသော ဘုရားကျောင်း
- သိပ္ပံပညာနှင့် ယုံကြည်မှု
- လူဂုဏ်သိက္ခာ
- ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း
- မစ်ရှင်နှင့် ဧဝံဂေလိတရား
- ဘာသာပေါင်းစုံ ဆက်ဆံရေးများ
- ပြန်လည်သင့်မြတ်ခြင်း

Lambeth နှိုးဆော်မှုများကို ၂၀၂၃ ပင်တေကုတ္တေပွဲတော် တွင် တစ်ပေါင်းတစ်စည်းတည်း ဝေငှကြမည် ဖြစ်သည်။ ၂၀၂၃ တွင် ဝေငှသော Lambeth နှိုးဆော်မှုများတွင် Lambeth Conference ရှိ သာသနာပိုင်များက ပေးသော တုံ့ပြန်အကြံပေးချက်များ ဦးဆောင်မှုပြုမည့်အဖွဲ့များ၏ တုံ့ပြန်အကြံပေးချက်များနှင့် အသစ်ပြုခြင်းများ ပါဝင်ပါမည်။

အင်္ဂလိကန် ကွန်ယက်များနှင့် ကော်မရှင်အလုပ်

အင်္ဂလိကန် ကွန်ယက်နှင့် ကော်မရှင်များကို Lambeth နှိုးဆော်မှုများတွင် ပါဝင်ရန် ဖိတ်ခေါ်ထားပါသည်။ အဆင့် ၃ Lambeth နှိုးဆော်မှု၏ ခရီးသည် ကမ္ဘာတစ်လွှားရှိ အင်္ဂလိကန် ကွန်ယက်နှင့် ကော်မရှင်များမှ ယူဆောင်ခြင်းခံရသော အရေးပါသော ပရောဂျက်များနှင့် ရင်းမြစ်များ၏ အမှတ်အသားလည်း ဖြစ်သည်။ ဥပမာ-

မိတ်သဟာယ သစ်တောစီမံချက်- အစည်းအဝေးတွင် တိုက်တွန်းနှိုးဆော်သော၊ မိတ်သဟာယ သစ်တောစီမံချက်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဒေသန္တရမှစတင်၍ သစ်တောများကို ကာကွယ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် ဂေဟစနစ်ကို ပြန်လည်ထူထောင်ခြင်းဖြစ်ပါသည်။

ဘေးကင်းလုံခြုံသော ဘုရားကျောင်း- Lambeth Conference တွင်၊ ဘေးကင်းလုံခြုံသော ဘုရားကျောင်းကော်မရှင် (SCC) က ခပ်သိမ်းသောသူတို့၏ ဘေးကင်းလုံခြုံမှု ပို၍ကောင်းလာစေရန် လမ်းညွှန်ချက်များကို ဝေငှခဲ့ပြီး၊ အင်္ဂလိကန် မိတ်သဟာယ တစ်လွှားတွင် မြှင့်တင်လုပ်ဆောင်သွားပါမည်။

အင်္ဂလိကန် မိတ်သဟာယ သိပ္ပံပညာဆိုင်ရာ ကော်မရှင် (ACSC)- သိပ္ပံပညာဆိုင်ရာ သတင်းများအရ၊ သိပ္ပံပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်း၍ ယုံကြည်ခြင်းကျင့်ဝတ်နှင့်ဆိုင်သော အသံကိုယူဆောင်လျက် သိပ္ပံနှင့်ဆိုင်သော ဆွေးနွေးမှုများကို ဆောင်ရွက်ရန်မှာ သိပ္ပံနှင့်နည်းပညာ တိုးတက်လာသော လောကကြီးအတွက် အသင်းတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။ ACSC က အသင်းတော်များကို လူသားတို့၏လိုအပ်ချက်များကို တုံ့ပြန်ရာတွင် သိပ္ပံလောကနှင့် ပူးပေါင်းမိတ်ဖက်နိုင်ရန် လမ်းညွှန်သွားမည်ဖြစ်သည်။

LAMBETH CONFERENCE ခရီးတွင် သင်မည်ကဲ့သို့ ပါဝင်နိုင်မည်နည်း။

အဆင့် ၃ ခရီးသည် webinars နှင့်အဖွဲ့လိုက် ဆွေးနွေးမှုများ ပါဝင်မည်ဖြစ်ပြီး၊ ကမ္ဘာတစ်လွှားခွဲရှိသော အသင်းတော်တိုင်း Lambeth နှိုးဆော်မှု ခေါင်းစဉ်အသီးသီး ကို သိရှိလေ့လာနိုင်မည်ဖြစ်ပြီး သူတို့၏ ရေခံမြေခံနှင့် မည်ကဲ့သို့ ကျင့်သုံးရမည် ကို ဆန်းစစ်နိုင်ရန်ဖြစ်သည်။ ပင်တေကုတ္တေပွဲတော်မှ ထုတ်ပြန်ချက်မှာ၊ မေလ ၂၀၂၃ခုနှစ်တွင် 'နှိုးဆော်မှုကို မျှဝေပါ' webinars ၏ အချိန်စာရင်း စတင်မည်ဖြစ်ပြီး၊ Lambeth နှိုးဆော်မှု အဓိကဆောင်ပုဒ်အသီးသီး ကို သိရှိလေ့လာနိုင်မည် ဖြစ်သည်။ Webinar အသီးသီး၏ ကြားတွင်၊ သင်ကိုယ်တိုင်၏ 'နှိုးဆော်မှုကို အတုံ့အပြန်ပြုခြင်း' ကိုသင်၏အဖွဲ့အစည်းတွင် အဖွဲ့လိုက် ဆွေးနွေးမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ထားပါသည်။
(အင်္ဂလိကန် မိတ်သဟာယအဖွဲ့သို့ ဆုကျေးဇူးအနေဖြင့်၊ Lambeth နှိုးဆော်မှုများကို မဖြစ်မနေ အစဉ်လိုက် လေ့လာမှုပြုရန် မလိုပါ။ သို့သော်လည်း သင်၏ ဆွေးနွေးမှုများကို ထောက်ပံ့ပေးရန်အတွက် ဤခရီးစဉ် နှင့် ရင်းမြစ်များကို စီစဉ်ပေးထားပါသည်။)

နှိုးဆော်မှု

Webinar

နှိုးဆော်မှုကို ပြင်ဆင်ပါ

'နှိုးဆော်မှုကို မျှဝေပါ' webinar သို့သုံးလတစ်ကြိမ်ဝင်ပါ။ Webinar တစ်ကြိမ်စီသည် Lambeth နှိုးဆော်မှု ခေါင်းစဉ်တစ်ခုကို လေ့လာဆွေးနွေးကြမည်။ Webinar အစဉ်လိုက်ကို စီစဉ်ထားရှိပါသည်။

Lambeth Conference အဖွဲ့မှ ဦးဆောင်၍ webinar တစ်ခုစီ၌ အောက်ပါတို့ပါဝင်ပါမည်-

- နှိုးဆော်မှု၏ ခေါင်းစဉ်အပေါ် သင်ကြားထင်ဟပ်စေခြင်း
- နှိုးဆော်မှု ဦးဆောင်သော အဖွဲ့များအပါအဝင်၊ အထူးဧည့်သည်တော်များထံမှ ထည့်ဝင်မှုများ
- သမ္မာကျမ်းစာ နှင့် သင်ကြားသင်ယူမှု တန်ဆာပလာများကို အဖွဲ့များမှ သူတို့၏ အစီအစဉ်များအတိုင်း အသုံးပြုနိုင်ရန် မျှဝေပေးခြင်း

အတုံ့အပြန်

အဖွဲ့လိုက် တွေ့ဆုံခြင်း

နှိုးဆော်မှုကို တုံ့ပြန်မှုပြုခြင်း

Webinar အပြီး ရက်သတ္တပတ်များတွင် နှိုးဆော်မှု အကြောင်းအရာနှင့် ၎င်းက သင့်ရဲ့ရေခံမြေခံနှင့် မည်သို့သက်ရောက်မှုရှိသည်ကို တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပါမည်။

Lambeth နှိုးဆော်မှုများ၏ ရည်ရွယ်ချက်ကို ကမ္ဘာတစ်လွှားရှိ အသင်းတော်များနှင့် အဖွဲ့အစည်းများမှ စူးစမ်းလေ့လာနိုင်မှာဖြစ်သည်။ အောက်ပါတို့ ပါဝင်ပါမည်-

- ဘစ်ရှော့ သမ္မာကျမ်းစာ လေ့လာခြင်း အဖွဲ့များ
- အိမ်ထောင်ဖက်များ ကွန်ယက်အဖွဲ့များ
- မိတ်ဆက် အချိတ်အဆက်များ
- အင်္ဂလိကန် မိတ်သဟာယ ကွန်ယက်များ
- အင်္ဂလိကန် မိတ်သဟာယ ကော်မရှင်များ
- အသင်းတော်များနှင့် လူထုအဖွဲ့များ

နှိုးဆော်မှု

Webinar

နှိုးဆော်မှုနှင့် တုံ့ပြန်မှု

ပထမအကြိမ် Lambeth နှိုးဆော်မှု ဆွေးနွေးခြင်းများမှ အကြောင်းအရာများကို ဂုဏ်ပြု ဝေမျှမည့် webinar များ၌ ပါဝင်ပါ။

ယင်း webinar က အောက်ပါအကြောင်းများပါဝင်သော နောက်လာမည့် Lambeth နှိုးဆော်မှု ဆောင်ပုဒ်ကို မိတ်ဆက်ပေးမည်ဖြစ်ပါသည်-

- ပြီးခဲ့သော webinar ၏ နှိုးဆော်မှု ဆောင်ပုဒ်မှ အကြောင်းအရာများနှင့် သိမြင်နားလည်မှုများ
- နှိုးဆော်မှု ဆောင်ပုဒ်အပေါ်မှ သင်ကြားခြင်းနှင့် ထင်ဟပ်စေခြင်း
- အထူးဧည့်သည်တော်များထံမှ ဝေငှခြင်း
- သမ္မာကျမ်းစာလေ့လာခြင်း နှင့် သင်ကြားသင်ယူမှု တန်ဆာပလာ အတွဲသစ်ကို ထုတ်ဝေခြင်း

သင်၏အကြောင်းကို ဝေမျှပါ

ခရီးစဉ်၏အဆင့်တစ်ဆင့်စီတိုင်းတွင် ကမ္ဘာတစ်လွှားရှိ အဖွဲ့များကိုဖိတ်ခေါ်၍ Lambeth နှိုးဆော်မှုက ၎င်းတို့၏ ရေခံမြေခံနှင့် မည်သို့သက်ရောက်မှုရှိသည်ကို ဝေငှကြမည်ဖြစ်သည်။
ဆုတောင်းခြင်း၊ ဓာတ်ပုံ၊ သက်သေခံခြင်း သို့မဟုတ် ပုံပြင်ပြောခြင်း၊ သင်၏ပရောဂျက်မှ အကြောင်းအရာတစ်ခုကို ဝေငှဖို့ သင်ရွေးချယ်ရနိုင်ပါသည်။
သင်၏ အကြောင်းကို info@lambethconference.org သို့ အီးမေးလ်ပို့ပါ ဝက်ဆိုက်သို့သွားကြည့်ပါ- lambethconference.org ဆိုရှယ်မီဒီယာပေါ်တွင် ဝေမျှပါ။

ဆွေးနွေးခြင်း အချိန်ဇယား

သုံးလတစ်ကြိမ်တိုင်း webinar တစ်ကြိမ်ဖြင့်အစပြုမှာဖြစ်ပြီး အဖွဲ့လိုက်ဆွေးနွေးမှုများမှာ အောက်ပါအစီအစဉ်အတိုင်း ဆက်သွားမည်ဖြစ်သည်-

၂၀၂၃ တွင် ခေါင်းစဉ်များ

မေ-စက်တင်ဘာ-	တပည့်တော်ဖြစ်ခြင်း
စက်တင်ဘာ-ဒီဇင်ဘာ -	သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

၂၀၂၄ တွင် ခေါင်းစဉ်များ

ဇန်နဝါရီ-မတ်-	အင်္ဂလိကန် အမှတ်အသား
ဧပြီ-ဇွန်-	ဘေးကင်းလုံခြုံသော ဘုရားကျောင်း
ဇူလိုင်-စက်တင်ဘာ -	သိပ္ပံပညာနှင့် ယုံကြည်မှု
အောက်တိုဘာ -ဒီဇင်ဘာ-	လူဂုဏ်သိက္ခာ

၂၀၂၅ တွင် ခေါင်းစဉ်များ

ဇန်နဝါရီ- မတ်-	ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း
ဧပြီ-ဇွန်-	မစ္စရှင်နှင့် ဧဝံဂေလိတရား
ဇူလိုင်-စက်တင်ဘာ -	ဘာသာပေါင်းစုံ ဆက်ဆံရေးများ
အောက်တိုဘာ- ဒီဇင်ဘာ-	ပြန်လည်သင့်မြတ်ခြင်း

ဇန်နဝါရီ	ဖေဖော်ဝါရီ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ
၂၀၂၃				တပည့်တော်ဖြစ်ခြင်း				သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး			
				LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ			LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		
၂၀၂၄											
အင်္ဂလိကန် အမှတ်အသား			ဘေးကင်းလုံခြုံသော ဘုရားကျောင်း			သိပ္ပံပညာနှင့် ယုံကြည်မှု		လူဂုဏ်သိက္ခာ			
LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ	LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		
၂၀၂၅											
ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း			မစ္စရှင်နှင့် ဧဝံဂေလိတရား			ဘာသာပေါင်းစုံ ဆက်ဆံရေးများ		ပြန်လည်သင့်မြတ်ခြင်း			
LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ	LIVE WEBINAR	အဖွဲ့လိုက်တွေ့ဆုံခြင်းများ		

LAMBETH CONFERENCE အဆင့် ၃- မေးခွန်းနှင့်အဖြေ

အဆင့် ၃ Lambeth Conference ခရီးမှာ အဘယ်နည်း။

အဆင့် ၃ သည် Lambeth နှိုးဆော်မှု ကို ကမ္ဘာတစ်လွှားခွဲရှိသော အသင်းတော်များသို့ ဆက်သွယ်၍၊ သူတို့ကို ခေါ် ဖိတ်ကာ 'တစ်ဦးစီ၏ အသံများကို နှိုးဆော်မှုတွင် ထည့်သွင်းရန်နှင့် ၎င်းတို့ကို သူတို့၏ ဘဝတွင် ယူဆောင်ရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အင်္ဂလိကန် မိတ်သဟာယအဖွဲ့အနေဖြင့် ဘဝအသက်တာကို ခွန်အားပြည့်စေရန်နှင့် အတူတကွ ခရစ်ယာန်သက်သေခံများဖြစ်စေပြီး၊ အတူတကွ လျှောက်လှမ်း၊ နားထောင်ရန်နှင့် သက်သေခံရန် ဖြစ်သည်။

Lambeth နှိုးဆော်မှုမှာ အဘယ်နည်း။

Lambeth နှိုးဆော်မှု ဆိုသည်မှာ ၂၀၂၂ခုနှစ် Lambeth Conference မှာပါဝင်သော ဘစ်ရှော့များက အသင်းတော်များဆီသို့ ဝေငှခဲ့သော ကြေညာစာတမ်းများ၊ ကတိသစ္စာပြုခြင်းများ၊ နှင့် သာမန်နှိုးဆော်မှုများကို ခေါ်တွင်သော အမည်ဖြစ်သည်။

Lambeth နှိုးဆော်မှု၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

Lambeth နှိုးဆော်မှု၏ ရည်ရွယ်ချက်မှာ ဘုရားသခင်ကို နက်နဲစွာ သစ္စာစောင့်သိခြင်း၊ အသင်းတော်၏ သာသနာလုပ်ငန်းများကို တိုးတက်စေခြင်းနှင့် အသင်းတော်များနှင့် ကမ္ဘာတစ်လွှားရှိ အဖွဲ့အစည်းများမှ နှိုးဆော်မှုများတွင် တွင်တွင်ကျယ်ကျယ်ပါဝင်လာခြင်း တို့ဖြစ်ပါသည်။

'နှိုးဆော်မှု ကို အတုံ့အပြန်ပြုပါ' ဆိုသည်မှာ မည်သို့ အဓိပ္ပါယ် ရှိသနည်း။

နှိုးဆော်မှု ကို အတုံ့အပြန်ပြုပါ ဆိုသည်မှာ Lambeth နှိုးဆော်မှုကို ဆန္ဒမဲပေးရန် သို့မဟုတ် တစ်ဆင့်ပြောကြား ရန် ပြဋ္ဌာန်းချက်တစ်ခုမဟုတ်ပါ။ ဤအရာမှာ နှိုးဆော်မှုတစ်ခုစီတိုင်းက သင်၏ဘဝ နေထိုင်မှုတွင် မည်သို့သက်ရောက်မှုရှိသည်ကို စူးစမ်းခြင်း၊ ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်းတို့လုပ်ရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။

အဆင့် ၃ မှာ ဘယ်သူ့အတွက်ဖြစ်သနည်း။

Lambeth နှိုးဆော်မှုကို ဘစ်ရှော့များမှ Lambeth Conference တွင် ဆွေးနွေးကြသည်။ သို့သော်လည်း အသင်းတော်သို့ 'နှိုးဆော်မှု' မူကား ကမ္ဘာတစ်လွှားရှိ အသင်းတော်နှင့် အဖွဲ့အစည်းများကို ဆပ်ကပ်ကြဖို့ ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုမှသာ နှိုးဆော်မှုကို ဆွေးနွေးသုံးသပ်ကြဖို့ အသင်းတော်အဖွဲ့များစွာ ဖိတ်ခေါ် နိုင်မည်ဖြစ်သည်။

Lambeth နှိုးဆော်မှုကို ဘယ်နေရာတွင် တွေ့နိုင်သနည်း။

Lambeth နှိုးဆော်မှု အတွဲအပြည့်အစုံကို Lambeth Conference ဝက်ဆိုက်တွင် တွေ့နိုင်ပါသည်။ Lambeth နှိုးဆော်မှု တည်းဖြတ်မှုအသစ် ထုတ်ဝေရက်မှာ ၂၀၂၃ ခုနှစ် မေလတွင် ဖြစ်သည်။ တည်းဖြတ်မှုအသစ်သည် ၂၀၂၂ ခုနှစ်တွင် ပြုလုပ်သော သာသနာပိုင်များ၏ ဆွေးနွေးမှု တုံ့ပြန်အကြံပေးချက်များကို ထင်ဟပ်စေမည်ဖြစ်သည်။ နှိုးဆော်မှု စာမျက်နှာအတွဲများကို နှိုးဆော်မှု webinar အကြိမ်မိုင်းတွင် ဝေမျှသွားမည်ဖြစ်သည်။

Webinar ကဘယ်သူတွေ အတွက်လဲ ဘယ်လို နာမည်စာရင်းပေးရမလဲ။

Lambeth Conference ကိုတက်ရောက်ကြသော ဘစ်ရှော့များနှင့် အိမ်ထောင်ဖက်များကို Lambeth နှိုးဆော်မှု webinar များသို့ နာမည်စာရင်းပေးသွင်းကြရန် နွေးထွေးစွာဖိတ်ကြားပြီး၊ အသင်းတော်အဖွဲ့အစည်းများနှင့် ယုံကြည်သူများလည်း ပါဝင်ပါသည်။ Webinar များသို့ နာမည်စာရင်းပေးသွင်းရန် အသေးစိတ်ကိုမူ Lambeth Conference ဝက်ဆိုက်ပေါ်တွင် ကြော်ညာသွားမည်ဖြစ်ပြီး webinar ၏ နေ့ရက်အချိန်စာရင်းကို ဤနှစ်အတွင်း ထုတ်ပြန်သွားမည်ဖြစ်သည်။

Lambeth နှိုးဆော်မှုများကို အစဉ်လိုက် ဆွေးနွေးဖို့ လိုအပ်ပါသလား။

Lambeth နှိုးဆော်မှုများကို မည်သည့်နေရာ မည်သည့်အချက်တွင် မဆို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ အင်္ဂလိကန် မိတ်သဟာယအဖွဲ့သို့ ဆုကျေးဇူးအနေဖြင့်၊ Lambeth နှိုးဆော်မှုများကို အစဉ်လိုက် လေ့လာမှုပြုရန် မလိုပါ။ အဆင့် ၃ ခရီးစဉ်တွင် အသင်းတော်များ၏ ဆွေးနွေးမှုများကို အထောက်အပံ့/အကူအညီဖြစ်စေရန် webinar ဆွေးနွေးမှုများ နှင့် သမ္မာကျမ်းစာ လေ့လာရန် တန်ဆာပလာများကို ပေးမျှသွားမည် ဖြစ်သည်။ မလွဲမသွေ အသုံးပြုရမည်မဟုတ်ပါ။

အဖွဲ့ကို မည်သို့ ဖွဲ့ရမည်နည်း။

Webinar များကို အင်္ဂလိကန် မိတ်သဟာယအဖွဲ့ ရုံးရှိ Lambeth Conference အဖွဲ့က စီမံမှုဖြစ်ပါသည်။ အဖွဲ့လိုက် ဆွေးနွေးမှုများမှာ တစ်ဦးစီ၏ စီမံမှုအတိုင်း ဖြစ်သည်။ သင့်ကို Lambeth နှိုးဆော်မှုတွင် ဆွေးနွေးရန် ရှိပြီးသား ကွန်ယက်၊ သမ္မာကျမ်းစာ လေ့လာခြင်း သို့မဟုတ် တခြားအဖွဲ့များမှ ရွေးချယ်နိုင်ပါသည်။ လူကိုယ်တိုင်တွေ့ဆုံခြင်း သို့မဟုတ် အွန်လိုင်းမှတွေ့ဆုံခြင်းတို့တွင်၊ သင်၏ ဆွေးနွေးမှုများကို အကူအညီပေးရန် ရင်းမြစ်များနှင့် တန်ဆာပလာများကို လွတ်လပ်စွာ အသုံးပြုနိုင်ပါသည်။ ဒေသနှင့် သာသနာပိုင်နယ်များလည်း ဤအရာကို သူတို့၏ ရေခဲမြေခံနှင့်အကောင်းဆုံး ကိုက်ညီမှုရှိအောင် မြှင့်တင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

ကျွန်ုပ်ရဲ့အကြောင်းအရာကို မည်သို့ဝေမျှရမည်နည်း။

ခရီးစဉ်တစ်လျှောက်တွင်၊ Lambeth Conference ပဲ့ကိုင်အဖွဲ့က သင်နဲ့ပတ်သက်သော အကြောင်းအရာများ နှိုးဆော်မှုက သင့်ရဲ့အနေအထားတွင် မည်သို့မည်ပုံသက်ရောက်သည့်အကြောင်းကို ကြားလိုပါသည်။ ခရီးစဉ်တစ်လျှောက်လုံး၌ မိမိ၏အကြောင်းအရာများကို ဝေမျှရန် ဖိတ်ခေါ်ပါသည် -အဘယ်ကြောင့်ဆိုသော် အကြောင်းအရာများသည် တစ်ခြားလူများကို တိုက်တွန်းနှိုးဆော်မှုဖြစ်စေ၍ လေ့လာသင်ယူမှုများကို မျှဝေနိုင်စေပါသည်။ 'တရားဝင် အစီရင်ခံခြင်း' မလိုအပ်ပါ။ သင်၏အကြောင်းအရာများကို LambethConference.org တွင်လည်းကောင်း info@lambethconference.org အီးမေးလ်ဖြင့်လည်းကောင်း ဝေမျှနိုင်ပါသည်။



LAMBETH CONFERENCE

ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်း

Lambeth Conference အကြောင်းအရာများကို လေ့လာ၍ သင်၏ ဆွေးနွေးမှုများကို မျှဝေရန်-

LambethConference.org/Phase3 @LambethConference @LambethConf info@lambethconference.org